## သူမတူ ထူးခြားသော ပူးပေါင်းဆောင်ရွက်မှု

ဤအစီအစဉ်မှာ တာဝန်ယူမှုရှိသော ထုတ်လုပ်ဖြန့်ချိသည့်လုပ်ငန်း ကွင်းဆက်များကို ဒေသအတိုင်းအတာဖြင့် အားပေးမြှင့်တင်ရန် အိုင်အယ်လ်အို၊ အိုအီးစီဒီနှင့် အီးယူတို့၏ ပထမဦးဆုံးသော အင်အားပေါင်းစည်းသည့် ဆောင်ရွက်ချက်ဖြစ်ပါသည်။ ဤအဖွဲ့အစည်းတစ်ခုချင်း၏ ကျွမ်းကျင်မှုနှင့် နည်းကိရိယာများကို ဤအစီအစဉ်သို့ ထည့်ဝင် ဖြည့်ဆည်းပေးပါသည်။

### အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)

ကုလသမဂ္ဂ၏ ပထမဦးဆုံးအထူးပြု အေဂျင်စီဖြစ်သည့် အိုင်အယ်လ်အိုသည် အလုပ်သမားဆိုင်ရာစံနှုန်းနှင့် မူဝါဒများချမှတ်ရန်၊ ကောင်းမွန်သင့်လျော်သည့် အလုပ်အကိုင်နှင့် အမျိုးသား အမျိုးသမီးအားလုံးအတွက် လူမှုတရား မျှတရေး အားပေးသည့် အစီအစဉ်များ ရေးဆွဲရန် အဖွဲ့ဝင် ၁၈၇ နိုင်ငံမှ အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများကို စုစည်းပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

### စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း (အိုအီးစီဒီ)

အိုအီးစီဒီသည် ကမ္ဘာတစ်လွှားတွင် နေထိုင်ကြသည့် လူအများ ဘဝ တိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် မူဝါဒများ အားပေးမြှင့်တင်ရန် တာဝန်ခံယူထားသော နိုင်ငံပေါင်းစုံ ပါဝင်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၎င်း၏ အဖွဲ့ဝင်နိုင်ငံများမှာ ကမ္ဘာတစ်လွှားတွင်တည်ရှိပြီး ကမ္ဘာ့ ရှေ့တန်းစီးပွားရေး နိုင်ငံများ၊ ထွန်းသစ်လာသော စီးပွားရေးနိုင်ငံများ ပါဝင်ပါသည်။ အိုအီးစီဒီ၏ ရည်မှန်းချက်ပန်းတိုင်းမှာ ပိုမိုအားကောင်း၊ သန့်ရှင်းပြီး တရားမျှတသော ကမ္ဘာကြီး တည်ဆောက်ရန် ဖြစ်ပါသည်။

### ဥရောပသမဂ္ဂ (အီးယူ)

ဤရှေ့ဦးလှုပ်ရှားဆောင်ရွက်မှုမှာ လူ့အခွင့်အရေး၊ ကောင်းမွန်သင့်လျော်သည့် အလုပ်အကိုင်နှင့် ရေရှည်ဖွံ့ဖြိုးမှုတို့ကို အားပေးမြှင့်တင်ရန်အတွက် အီးယူ၏ စဉ်ဆက်မပြတ် ချမှတ်ထားသည့် သန္နိဋ္ဌာန်၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ အီးယူသဘောတူစာချုပ်များဖြင့် ကတိကဝတ်ပြု ထောက်ပံ့ထားကာ၊ တာဝန်ယူမှုရှိသော ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များ လက်တွဲဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ရန်အတွက် ဥရောပကော်မရှင်၏ သန္နိဋ္ဌာန်တစ်ရပ်ဖြစ်သည့် ၂၀၁၅ “အားလုံးအတွက် ကုန်သွယ်မှု”၏ ကုန်သွယ်ရေး မူဝါဒ မဟာဗျူဟာဖြင့်ပိုမိုအားဖြည့်ပေးထားသည့် ဆောင်ရွက်ချက်လည်း ဖြစ်ပါသည်။




**ဆက်သွယ်ရန်-**

Coralie.martin@oecd.org
rbc@oecd.org
rsca@ilo.org


**Follow us:**

@RSCAProgramme
@Trade_EU
@OECD_BizFin

#RSCAProgramme

ILO

OECD

EU


အီးယူ၏ ရန်ပုံငွေဖြင့်




# အာရှဒေသအတွင်း တာဝန်ယူမှုရှိသော ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များ– မြန်မာနိုင်ငံ



## အာရှဒေသအတွင်း တာဝန်ယူမှုရှိသော ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များ- မြန်မာနိုင်ငံ

မကြာသေးလှသော ဆယ်စုနှစ်များအတွင်း ကမ္ဘာ့ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များမှာ လျင်မြန်စွာ ချဲ့ထွင်လျက်ရှိပါသည်။ ၎င်းတိုင်းမှာ နိုင်ငံတကာ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် အခရာကျသော လက္ခဏာတစ်ခုဖြစ်ပြီး စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ဆင်းရဲမွဲတေမှု လျှော့ချမှုတို့ ဖြစ်ထွန်းစေရန် အထောက်အကူပြုသည်။ စီးပွားရေး ပွင့်လင်းလာသည့်နောက်ပိုင်း၊ အာရှအပါအဝင်၊ ကမ္ဘာ့ထုတ်လုပ် ဖြန့်ချိမှုလုပ်ငန်း ကွင်းဆက်များအတွင်း မြန်မာနိုင်ငံ၏ ပါဝင်မှုသည် သိသာစွာ မြင့်တက်လာသည်။

ဤအာရှဒေသအတွင်း တာဝန်ယူမှုရှိသော ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်း ကွင်းဆက်များဆိုင်ရာအစီအစဉ်သည် နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းများ၊ ၎င်းတို့၏ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်း ကွင်းဆက်များ၏ လုပ်ငန်းလည်ပတ်မှုများ၌ ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဤမြန်မာနိုင်ငံဆိုင်ရာအစီအစဉ်မှာ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းနှင့် အလုပ်သမားကျင့်စဉ်များ အကောင်အထည် ဖော်ရေးတို့၌ အကူအညီပေးရန်၊ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်း ကွင်းဆက်များအတွင်း လိုအပ်သော အလေးထား စိစစ်မှု၏ အကျိုးများကို ပိုမို နားလည်စေပြီး၊ မြန်မာနိုင်ငံအား တာဝန်ယူမှုရှိသည့် တင်ပို့ကုန်နိုင်ငံအဖြစ် အမည်ကောင်း မြှင့်တင်ရန်၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို အားပေးပြီး၊ ကမ္ဘာ့ဈေးကွက်များအတွင်း ဆက်လက် လမ်းပွင့်စေရန် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်စဉ်များ

လက်ရှိအခြေအနေတွင် တာဝန်ယူမှုရှိသောလုပ်ငန်း ကျင့်စဉ်များ အကောင်အထည်ဖော်ရေးနှင့် မြှင့်တင်ရေးတို့၌ အထောက်အကူပြုရန်အတွက် ချမှတ်ထားသော လုပ်ငန်းဆိုင်ရာမူဘောင်မှာ နုနယ်နေဆဲဖြစ်သည်၊ လက်ရှိ အလုပ်သမားဥပဒေအပြင် စီးပွားရေးလုပ်ငန်း၏ လူမှုတာဝန်စည်းမျဉ်းများမှာလည်း မပီပြင်သေးပေ။ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းစုများသည် ကြီးမားသော လုပ်ငန်းရှင်များဖြစ်သော်လည်း ယင်းလုပ်ငန်းစုများအတွင်း အလွတ်သဘော အလုပ်သမားနှင့် အလုပ်သမားဆိုင်ရာ အလေ့အထ၊ ကျင့်သုံးမှုများသည် နိုင်ငံတကာ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်း၊ လမ်းညွှန်များနှင့် အမြဲကိုက်ညီမှု မရှိပေ။

## အစီအစဉ်အကြောင်း

ဤအစီအစဉ်မှာ အလုပ်သမားအခွင့်အရေး အပါအဝင် လူ့အခွင့်အရေး လေးစားလိုက်နာမှုနှင့်၊ ကမ္ဘာ့ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များအတွင်း တာဝန်ယူမှုရှိသည့် လုပ်ငန်းဆိုင်ရာစံနှုန်းတို့ကိုအားပေးရန် ဥရောပသမဂ္ဂမှ ထောက်ပံ့သည့် ရန်ပုံငွေ ယူရို ၉ သန်းဖြင့် ဥရောပသမဂ္ဂ၊ အိုင်အယ်လ်အို နှင့် အိုအီးစီဒီတို့ လက်တွဲပြီး အာရှအတွင်းရှိ လက်တွဲဖော်များဖြင့် အတူဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် (၃) နှစ်တာကာလ အစီအစဉ် (၂၀၁၈-၂၀၂၀) တွင် ကျယ်ပြန့်သော ဦးတည်ချက် (၂) ရပ် ရှိပါသည်။

- နိုင်ငံတကာက လက်ခံကျင့်သုံးသည့် တာဝန်ယူမှုရှိသော လုပ်ငန်းဆိုင်ရာကျင့်စဉ်များကို ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများက ပိုမိုနားလည်ခြင်းဖြင့် ကောင်းမွန် ရေရှည်ပြီး အားလုံးပါဝင်မှုရှိသည့် တိုးတက် ဖွံ့ဖြိုးမှု ဖော်ဆောင်ရန်။
- တာဝန်ယူမှုရှိသည့် လုပ်ငန်းကျင့်ဝတ် မြှင့်တင်ရန်နှင့် အပြန်အလှန် ဆွေးနွေးမှု အခွင့်အလမ်းများ တိုးတက်ရန် ဖော်ဆောင်ပေးမည့် မူဝါဒဆိုင်ရာ ဝန်းကျင်တစ်ရပ် ပေါ်ပေါက်ရေး အကူအညီပေးရန်တို့ ဖြစ်ပါသည်။

## အစီအစဉ်၏လှုပ်ရှားဆောင်ရွက်ချက်များ

မြန်မာနိုင်ငံ၏ အစီအစဉ်အရ အောက်ပါတို့အပါအဝင် လှုပ်ရှားဆောင်ရွက်ချက်အသီးသီးတို့ဖြင့် နယ်ပယ်အသီးသီးတို့တွင် အကျိုးသက်ရောက်မှုများ ဖော်ဆောင်လျက်ရှိပါသည်။

- **အသိပညာမြှင့်တင်ရန်အတွက်အပြန်အလှန် ဆွေးနွေးမှုများစီစဉ်ခြင်း။** အလုပ်သမားသမဂ္ဂများ၊ အစိုးရဌာနများ၊ လုပ်ငန်းများ၊ စက်ရုံအလုပ်သမားများနှင့်အတူ နိုင်ငံတကာ အလုပ်သမားစံနှုန်း လမ်းညွှန်များအပေါ် အသိပညာဖြန့်ဝေခြင်း။
- **အစိုးရဌာနများအား အကူအညီပေးခြင်း။** စိုက်ပျိုးရေးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အထူးစီးပွားရေးဇုန်များ စီမံခန့်ခွဲမှု (SEZ) နှင့် အလုပ်သမားဝန်ကြီးဌာနတို့အပါအဝင် အစိုးရဌာနများအား လက်တွေ့ပူးပေါင်း ဆောင်ရွက်နိုင်မည့်နယ်ပယ်များဖော်ထုတ်ရန် အကူအညီပေးခြင်း။
- **သင်တန်းများ ပူးတွဲအကောင် အထည်ဖော်ခြင်း။** ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်ကြီးများအသင်းရှိ သင်တန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်အတူ ၎င်း၏ အဖွဲ့ဝင်လုပ်ငန်းများအကြား တာဝန်ယူမှုရှိသည့် လုပ်ငန်းကျင့်ဝတ်များ နားလည်မှုနှင့် အကူအညီများ မြှင့်တင်ရန်အတွက် သင်တန်းများ ပူးတွဲအကောင်အထည်ဖော်ခြင်း။
- **မူဝါဒဆိုင်ရာ လျော်ညီမှု မြှင့်တင်ခြင်း။** မြန်မာနိုင်ငံအစိုးရ၏ တောင်းဆိုချက်အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ ပြန်လှန်သုံးသပ်ချက်တွင် တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ်ကို ထည့်သွင်းခြင်းအပါအဝင် မူဝါဒဆိုင်ရာ ရှေ့နောက် လျော်ညီမှု မြှင့်တင်ခြင်း။
- **ပိုမိုကောင်းမွန်သည့် လုပ်ငန်းကျင့်စဉ်များအတွက် အကူအညီပေးခြင်း။** အရှေ့တောင်အာရှရှိ စိုက်ပျိုးရေးကဏ္ဍရှိ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက် များတွင် လုပ်ငန်းကျင့်စဉ်များ ပိုမိုကောင်းမွန်စေရန် 'တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များအတွက် အိုအီးစီဒီ-အက်ဖ်အေအို လမ်းညွှန်'ကို အကောင်အထည်ဖော်သည့် ရှေ့ဦးစီမံကိန်းဖြင့် အကူအညီပေးခြင်း။

### မည်သူတွေက အကျိုးခံစားရသနည်း။

အစီအစဉ်သည် အဓိကကျသော လုပ်ငန်းစုများ အောက်ရှိ အလုပ်သမားများ၏ လူမှုဖူလုံရေးကို မြှင့်တင်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမား ကိုယ်စားလှယ်များ၏ နားလည်မှုနှင့် အသိပညာ တိုးတက်ရေးကို တိုက်ရိုက် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ တာဝန်ယူမှုရှိပြီး ကျင့်ဝတ်သိက္ခာဖြင့် ထုတ်လုပ်သည့် ပစ္စည်းများကို စားသုံးသူများအပြင်၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးကို တန်ဖိုးထားပြီး လူ့အခွင့်အရေးလေးစားသည့် အသိုက်အဝန်းတွင် နေထိုင်သော နိုင်ငံသားများလည်း အကျိုးခံစားရမည်ဖြစ်ပါသည်။ ကုမ္ပဏီများအနေနှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ခြင်း၊ ယှဉ်ပြိုင်မှုအားကောင်းသည့် အခွင့်အလမ်းသစ်များ ခံစားနိုင်ခြင်း၊ ဈေးကွက်သစ်များ လက်လှမ်းမီခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးများ ခံစားရမည်ဖြစ်ပါသည်။

### ဦးတည်ဆောင်ရွက်သည့် ကဏ္ဍများ

ဤအစီအစဉ်သည် မြန်မာနိုင်ငံ၏ တင်ပို့ကုန် စီးပွားရေးကဏ္ဍအတွက် ကြီးမားသော အလုပ်ရှင်များလည်းဖြစ်၊ အရေးကြီးသောထည့်ဝင်မှုပေးရန် အလားအလာလည်းရှိသည့် ပင်လယ်စာနှင့် စိုက်ပျိုးရေးကဏ္ဍများကို ဦးတည်ဆောင်ရွက်သည်။





ပင်လယ်စာကဏ္ဍ



စိုက်ပျိုးရေးကဏ္ဍ